## မကြာခင်က ပြန်လွတ်လာတဲ့ လူ့ရှင်တော် ဦးပါပါလေး နဲ့ ဆက်သွယ် မေးမြန်းချက်
## ၁ နိုဝင်ဘာ ၂၀၀၇

မကြာခင်က ပြန်လွတ်လာတဲ့ လူ့ရှင်တော် ဦးပါပါလေး ကို ကိုကျော်အောင်လွင် က ဆက်သွယ် မေးမြန်း တင်ပြထားပါတယ်။

"ကျနော့်ကိုစခေါ်တာ စက်တင်ဘာ ၂၅ ရက်နေ့ ညပေ့ါဗျာ။ ည တစ်နာရီမှာ ကျနော်တို့ ရပ်ကွက်က ဓမ္မာရုံမှာ နှစ်စဉ် နှစ်တိုင်းလုပ်တဲ့ ဘုံ ဆွမ်းလောင်းပွဲရှိတယ်၊ အဲဒီမှာ ကျနော် ဆွမ်းလောင်းဖို့ သွားပြီး အစီအစဉ်လုပ်တယ်။ အဲဒီလိုလုပ်တဲ့အချိန်မှာ သူတို့က ကျနော့်ကို အားချင်းတခါတည်း ကား ထဲမှာတွန်းတင်တယ်၊ တွန်းတင်တော့ ကျနော်ကလည်း ကားပေါ်လည်းရောက်ရော၊ နေဦး ကျနော် ပစ္စည်း လေးဘာလေး ယူဦးမယ်ပြောတော့ ရတယ်တဲ့၊ မလိုဘူးတဲ့၊ အနွေးထည်လည်းမပါပေ့ါဗျာ၊ ပုဆိုးနဲ့ အင်္ကျီ လေးနဲ့၊ ဒါလေးနဲ့ပဲလိုက်သွားတာ။ ဖိနပ်ကလည်း မပါဘူး။ ကားပေါ်တက်တက်ဆိုတော့ တက်ပြီးတော့ ကျနော့်ကို မျက်လုံးကိုပိတ်ပြီးတော့ အဝတ်စည်းပြီးတော့ ခေါ်သွားတယ်။ ဘယ်လို့လဲ ကျနော်မသိဘူး။"

*ခေါ်သွားတဲ့လူတွေက ဘယ်အဖွဲ့အစည်းကလဲ ခင်ဗျ –*

"အဲဒါ ကျနော့်အိမ်က ကျနော့် ခယ်မရောမေးတယ်၊ ခင်ဗျားတို့ဘယ်အဖွဲ့ကလဲ၊ ဘာကိစ္စနဲ့ ခေါ်တာလဲ ပြောပါဦး၊ ခင်ဗျားတို့နံမည်ဘယ်လိုခေါ်လဲဆိုတာ။ ခင်ဗျားတို့သိစရာမလိုဘူးတဲ့၊ အဲဒီလို ပြော သွားတယ်။ ကားပေါ်မှာလည်း မျက်နှာစည်းထားတဲ့လူတယောက်ပါတယ်။ သူ့ကိုလည်း ကျနော်မသိဘူး။ ဘယ်ခေါ်သွားလဲဆိုတော့ မနက် ၃ နာရီလောက်ကျတော့ ရွှေစာယံ လုံထိန်းရဲစခန်းပေ့ါဗျာ၊ အမှတ် (၄) ရဲစခန်း ခေါ်တာပေ့ါ၊ လုံထိန်းရဲပေ့ါ၊ အဲဒီမှာရောက်သွားတာ။ အဲဒီရောက်တော့ ဇာတ်လမ်းက စတာပဲဗျာ။ ကဲ ခင်ဗျားတို့ကို မေးစရာရှိတယ်ဆိုပြီး ကျနော်တို့ကို ထိုင်ခိုင်းပြီးတော့စစ်တယ်၊ ခက်တာကဗျာ ဘာဆိုးလဲ ဆိုတော့ ရိုက်တာ နှက်တာထက်ဆိုးတယ်ဗျ။ ဘာဖြစ်လို့ဆိုးလဲလို့ဆိုတော့ သူတို့က လူလဲနဲ့ ကျနော့်ကို အကုန်လုံးပေ့ါလေ အဲဒီမှာရှိတဲ့လူတွေစစ်တယ်။ တယောက်က စစ်သွားလိုက်၊ ဟိုတယောက်က နားလိုက်။ ကျနော်တို့တော့ နားခွင့်မရဘူး၊ တယောက်က လာစစ်လိုက်၊ တယောက်ကနားလိုက်။ အဲဒီလိုစစ်တယ်။"

*စစ်တဲ့လူတွေက ဘယ်အဖွဲ့အစည်းကလဲခင်ဗျ၊ လုံထိန်းတွေလား –*

"လုံထိန်းမဟုတ်ဘူး၊ ကျနော်သိတာတော့ အက်စ်ဘီတော့ ကျနော် သိလိုက်တယ်ဗျာ။ ကျန်တာ တော့ သူတို့ပြောတာက ၄ မျိုးပဲဗျ၊ ၄ ဦးပဲစစ်တာ။ ကျန်တဲ့လူတွေမေးကြည့်တော့လည်း ၄ ဦးပဲ ပြောတယ် ဗျ။ စသုံးလုံးလားမသိဘူး ပါတယ် ပြောတယ်ဗျာ။"

*တရက်ကို ဘယ်နှစ်နာရီလောက် မနားတမ်းစစ်တာလဲခင်ဗျ –*

"တရက်ကို ဘယ်နှစ်နာရီလို့ မဟုတ်တော့ဘူးဗျာ၊ ကျနော်တို့ကို နားပါဦးဗျာ၊ အိပ်ကောင်းမယ့် အချိန်လေး တခါ လာနိုးလိုက်ပြန်။ နောက်တခါ တယောက်က သွားလိုက်ပြန်၊ ခက်တာက သူတို့ကတော့ သောက်သောက်စားစားနဲ့ သူတို့ကတော့ တခါတည်း မေးချင်တာ မေးလို့ကောင်းအောင်ဆိုပြီး လာလိုက် ပြန်။ ကျနော်တို့ မှေးကနဲ အိပ်ပျော်မယ်ကျန်၊ သူတို့က လာလိုက်ပြန်ရော။ အဲဒီတော့ ၅ ရက်နဲ့ ၂ နေ့ လောက်ကတော့ အလူးအလဲကို ခံရတယ်ဗျ။ ကျနော် လူ့ရှင်တော် ပါပါလေး တယောက်တင်မဟုတ်ဘူး၊ ကျန်တဲ့ပုဂ္ဂိုလ်တွေပါ အဲဒီလို ခံစားရတယ်။ နားပါဆိုတော့ အားလုံးပေ့ါဗျာ၊ တနာရီလောက် အိပ်ချိန်လေး ရတဲ့အချိန်မှာ ကျနော် ဖျားတာပဲဗျ။ ကျနော် ခိုက်ခိုက်တုန်အောင်ဖျားတာ။ ဘာမှ စောင်ကမပါ၊ ခေါင်းအုန်း ကမပါ။ တွေးကြည့်ရင်တော့ဗျာ ရင်နာစရာကြီးပါ။ မနက်လင်းလို့ သက်သာတယ်ရှိသေးတာပဲ တောက် လျှောက် ဇာတ်လမ်းကစတော့တာပဲ၊ တယောက်ကခေါ်သွားလိုက်၊ တယောက်က မေးလိုက်၊ တယောက် က နားလိုက်နဲ့။ ကျနော်က ထောင်ခနခနကျထားတဲ့လူဆိုတော့ တွက်ကြည့်ရင် ရဲဖက်စခန်းလိုပဲဗျ။ အဲဒီ

လုံထိန်းရဲစခန်းက သံဆူးကြိုးနှစ်ထပ်နဲ့၊ အပေါ်က မိုးမလုံ့တလုံနဲ့ ကဒ်တွေမိုးထားတယ်။ အဲဒီမှာ မိုး မလုံ့တလုံနဲ့၊ မလုံတဲ့နေရာ ဟိုဖက်နားတိုးအိပ်ရတယ်။ အဲဒီမှာ နေခဲ့ရပါတယ်။ အဲဒီက ငှက်ဖျားလည်း ပေါ တယ်ဗျ၊ အေးတယ်ဗျ။”

*စောင်တွေ အဝတ်အစားတွေရော သူတို့က ထုတ်မပေးဘူးလားခင်ဗျ –*

“ဟာ – အဲဒါကတော့ ဝေလာမှ ဝေးပါဗျာ။ ဝေလာ ဝေးပါ။ အစားအသောက်တောင် အကုန် ဖြတ်ထားတာ။ ဘာမှမပေးဘူး။ စောင်လည်းမပေးဘူး၊ ခေါင်းအုန်းလည်းမပေးဘူး၊ အန္တေးထည်လည်း မပေး ဘူး။ ကျနော်လို အန္တေးထည်၊ ခေါင်းအုန်း၊ စောင်တွေမပါတဲ့ပုဂ္ဂိုလ်တွေကတော့ အားလုံးလိုလိုပါပဲ။ လုံထိန်း ရဲစခန်းမှာ ကျနော်တို့ အစားဆင်းရဲ၊ အနေအထိုင်တွေဆင်းရဲပြီးတော့ နောက်ပြီးတော့ ဘာပြောလဲဆိုတော့ ခင်ဗျားတို့ကိုတဲ့ ဒီထက်ကျယ်တဲ့နေရာပို့မှာပါတဲ့။ အားလုံးကလည်း ဒီထက်ကျယ်တဲ့နေရာဆိုတော့ ဘယ်နေရာထင်လဲဆိုတော့ ကျနော်တို့ ကိုယ့်အိမ်ကိုယ် ပြန်ပို့မှာနဲ့ ထောင်ပဲရှိတယ် ပြောပြကြ၊ ဝေဖန်ကြ တာပေါ့။ အဲဒါနဲ့ ကားနှစ်စီးရောက်လာတယ်၊ ရောက်လာပြီး စပြီး ကားလည်းဖင်ထိုးပြီးရော သူတို့က လက်နက်တွေအပြည့်နဲ့ ကြိုးတွေလည်း ကိုင်ထားတာပေါ့ဗျာ၊ သံကြိုးတွေရော၊ အုန်းဆံကြိုးတွေရော၊ အကုန်ပါပဲ။ ကိုလှအောင်တဲ့ – ရှိတဲ့၊ ကားပေါ်တက်တဲ့၊ ကိုပါပါလေး – ရှိ၊ ကားပေါ်တက်တဲ့၊ ကျနော်တို့ နှစ်ယောက်ကားပေါ်လည်းရောက်လို့ ထိုင်ပါဆိုလို့ ထိုင်ခိုင်းပြီးတော့ လက်နှစ်ဖက်ကို ယူတဲ့ပြီးတော့ ကြိုးတွေ စချည်တာဗျ။ နောက် မျက်နှာကိုလည်း ငုံ့ထားဆိုပြီးတော့ မျက်နှာကိုလည်း ပိတ်စည်းတော့တာ။ အဲဒါနဲ့ ကိုလှအောင် က မေးတယ်၊ ကိုပါပါလေး ဒါဘယ်လဲဗျတဲ့၊ ကိုင်းကိုလှအောင်၊ လက်လည်း ကြိုးချည် ထားတယ်၊ မျက်နှာလည်းစည်းမှတော့ ဒါ ထောင်ဖြစ်မယ်လို့။ ကျနော် သူ့ကိုပြောလိုက်တယ်။ နောက်က နှစ်ယောက်တွဲ၊ နှစ်ယောက်တွဲ အဲဒီလို တန်းတက်ပြီး ကြိုးတွေချည်၊ မျက်နှာတွေအုပ်ပြီးတော့ ခေါ်သွား လိုက်တာ ထောင်ကိုရောက်နေတာဗျာ။ အုတ်ဖိုထောင်ရောက်တဲ့အခါကျတော့ တိုက်ထဲပို့မှာများဗျာ၊ မျက် နှာကို တင်းတင်းကျပ်ကျပ်စည်းခေါ်သွားတယ်။ နှစ်ယောက်ကိုတခန်း၊ နှစ်ယောက်ကိုတခန်းဆိုပြီးတော့ အခန်း ၁၅ ခန်းရှိတဲ့အထဲမှာ ကျနော်တို့ကို မျှထားတာဗျ။ ပထမ အဲဒီမှာ ကျနော်တို့ကို အဲဒီလိုထားပြီး တော့ ညကို နာရီပြန်တချက်ခေါ်လာလိုက်၊ ဟာ – တခါတည်း၊ ဂျိမ်း ဂျိမ်း အသံတွေကြားလိုက်၊ ထုတ်သွား ပြန်ပြီး စစ်လိုက်ပြန်ပြီ၊ ကျနော် လက်ဖွဲ့ပုံစံနှိပ်ရတာဆိုရင် ကျနော် တယောက်တည်းတင်ပေါ့ခင်ဗျ၊ လက် ဆယ်ချောင်းကို အရွက်ပေါင်း ၄၀ လောက် ကျနော် နှိပ်လိုက်ရတယ်။ ဟာ – ဒါတွေက ဘယ်ပို့မှန်းလည်း မသိဘူး၊ ကဲ – နှိပ်ဗျာဆိုပြီး နှိပ်လိုက်တာပဲ။ နှိပ်လိုက်ပြန်၊ ခေါ်လာလိုက်ပြန်၊ လက်မှတ်ထိုးခိုင်းလိုက်ပြန်၊ မေးလိုက်ပြန်။ အဲဒီလို မေးပြီးတော့ ဘာတွေ ပြောလိုက်လဲဆိုတော့ နောက်ဆုံးတရက်ကျတော့ ကိုပါပါလေး တဲ့ ခင်ဗျား ဆရာတော်တွေနောက်ကလိုက်လားတဲ့၊ ဟာ လိုက်ပါတယ်လို့ ကျနော်။ ဒါ ကျနော် ကန်တော့ တယ်လို့၊ ရေဖူးတွေကမ်းသလားတဲ့၊ ရေဖူးတော့ မကမ်းမိဘူးလို့၊ ကွမ်းယာရောတဲ့၊ ကျနော် ကွမ်းယာလည်း မကမ်းမိဘူးလို့၊ လက်အုပ်ချီတယ်၊ ကန်တော့တယ်လို့၊ ဒါ ကျနော်တို့ရဲ့ ဗုဒ္ဓဘုရားသားတော်တွေပဲလို့၊ ကျနော် အဲဒီမှာ ပြောတယ်။ ဟုတ်ပါပြီလေ၊ ဟုတ်ပါပြီလေတဲ့။ ခင်ဗျားလည်း ဗုဒ္ဓဘာသာပဲလားလို့ ကျနော် အဲဒီလိုမေးတယ်၊ ဟုတ်ပါပြီ၊ ဟုတ်ပါပြီတဲ့၊ ကျနော်တို့က ဦးပါပါလေး အနောက်က လူရှင်တော်တွေ၊ အန ပညာသည်တွေလိုက်မှာစိုးလို့ ကျနော်တို့ အဲဒီလို ထင်တာပါတဲ့။ မဟုတ်ပါဘူးလို့ ကျနော်တယောက်ထဲပါ လို့။ ၅ ရက်လောက်နေတော့ တခါ ပြောင်းပြန်ရောဗျ။ အဲဒီမှာ လူတွေက အံ့အားသင့်သွားတာ။ ပြောင်းတော့ ဘယ်ပြောင်းလဲဆိုတော့ ကြိုးတိုက်ပေါ့ဗျာ၊ အဲဒီမှာ လူတွေက နဲနဲလေး ကျက်သိမ်းထသွား တယ်ဗျ၊ ဘာလဲဆိုတော့ အဲဒီမှာ အနေကျပ်သွားတာကို။ အဲဒီ ကြိုးတိုက်မှာက ကြိုးတိုက်ခေါ်တယ်၊ နောက် အနှစ် ၂၀ ကျတဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီ ပုဂ္ဂိုလ်တွေကို ကျနော်တို့နေတဲ့ ဖ တိုက်မှာရွှေ့၊ ကျနော်တို့ ဖ တိုက်က ပုဂ္ဂိုလ်များကိုတော့ အခန်း ၇ ခန်းရှိတဲ့ ကြိုးတိုက်ထဲမှာထားတာ။ အဲဒီ ကြိုးတိုက်ကျတော့ ရေချိုး ရတာရော၊ မိန်လာတက်တာရော၊ ဘာမှ မသန့်ရှင်းဘူး။ အဲဒီမှာ ရောဂါတွေဘာတွေ ရကြတာပေါ့ဗျာ။ ရကြတာပေါ့။”

*ပြန်လွတ်လာပြီးတဲ့အခါမှာ နိုင်ငံရေးနဲ့မပတ်သက်ပါဘူးဆိုတဲ့ ခံဝန်ချက် လက်မှတ်ရော ထိုးခဲ့ရလား ခင်ဗျ –*

“အဲဒါတော့ မထိုးဘူးဗျ။ သူတို့အသိပေးတဲ့လက်မှတ်မျိုးပါပဲ။ ဒါကတော့ဗျာ ဒီပြင်အမှုနဲ့ ပတ်သက်တာမျိုးပေါ့။ နိုင်ငံရေးမလုပ်ပါနဲ့၊ နိုင်ငံရေးမလုပ်ပါဘူးဆိုတဲ့ဟာကတော့ ကျနော့် ယုံကြည်ချက်၊ ကျနော့် ခံယူဗျ၊ အဲဒါတော့ ကျနော် လက်မှတ်မထိုးဘူးဗျ”